THE WORLD BANK
IBRD • IDA | WORLD BANK GROUP

## NEWS RELEASE

# ၂၀၁၅ ခုနှစ် ပြည်သူလူထု၏ အခြေအနေနှင့် လျော်ညီမှု ရှိစေရန် ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့် နည်းလမ်းအား အကြံပြုဖော်ပြ

***မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်ပူးတွဲအစီရင်ခံစာ ဒုတိယပိုင်းတွင် ခေတ်ကာလ အခြေအနေ အချိန်အခါနှင့် လျော်ညီသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံများကို ထည့်သွင်း တွက်ချက်ထားသည့် ဆင်းရဲနွမ်းပါးမှု တိုင်းတာသည့် နည်းလမ်းသစ် အကြံပြုဖော်ပြချက်များအရ မြန်မာနိုင်ငံ၏ လူဦးရေသုံးပုံတစ်ပုံမှာ ဆင်းရဲနွမ်းပါးနိုင်ကြောင်း သိရှိရသည်***

**နေပြည်တော်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက် -** ယနေ့ နေပြည်တော်တွင် ကျင်းပသည့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာစိစစ်ချက် အစီရင်ခံစာ ဒုတိယတွဲ ထုတ်ပြန်သည့် အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဆက်အောင်နှင့် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဒေသ ဒုတိယ ဥက္ကဌ ဗစ်တိုးရီယားကွာကွာတို့ တက်ရောက်ခဲ့ကြသည်။

ယခု အစီရင်ခံစာမှာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးတွဲ ပြုစုထားခြင်း ဖြစ်ပြီး ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေ လေ့လာမှု စစ်တမ်း ပထမတွဲပါ အချက်အလက်များကို အခြေခံကာ ခေတ်ကာလ အခြေအနေ အချိန်အခါနှင့် လျော်ညီသည့် အိမ်ထောင်စုများ၏ သုံးစွဲမှု ပုံစံများကို ထည့်သွင်း တွက်ချက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာသည့် နည်းလမ်းအား ပြန်လည် စိစစ် သုံးသပ်နိုင်ရန် အကြံပြုဖော်ပြချက် အစီရင်ခံစာ ဖြစ်ပါသည်။ နည်းလမ်းအသစ်တွင် မိုဘိုင်းဖုန်းကဲ့သို့သော တာရှည်ခံ ပစ္စည်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တွက်ချက်ပေးထားသော နောက်ဆုံး မွမ်းမံ ပြင်ဆင်ထားသည့် ကယ်လိုရီ ခန့်မှန်း တွက်ချက်မှုများ ပါဝင်သည်။

ပထမစိစစ်သုံးသပ်မှုအတိုင်း အဆိုပြု နည်းလမ်းသစ်ဖြင့် တွက်ချက်မှုအရ ဆင်းရဲနွမ်းပါးမှုသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ သိသာစွာ ကျဆင်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၄၈.၂% မှ ၃၂.၁%သို့ကျဆင်းလာသည်။ နည်းလမ်းအသစ်ကို အသုံးပြု တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်း ၁၅.၈ သန်း သည် ဆင်းရဲနွမ်းပါးသည့် အခြေအနေတွင် နေထိုင်လျက် ရှိသည်။ ၁၃.၈သန်းမှာ ကျေးလက်ဒေသများတွင်နေထိုင်နေပြီး ၂ သန်းမှာ မြို့ပြများတွင် နေထိုင်သူများဖြစ်ပါသည်။

"ဆင်းရဲနွမ်းပါးသည့် ပြည်သူလူထုတို့၏ ဘဝအခြေအနေ အကြောင်းအရာများနှင့် လက္ခဏာရပ်များ၊ ယင်းတို့ ရင်ဆိုင်နေရသည့် အခက်အခဲများအား အသေးစိတ် သိရှိနားလည်သဘောပေါက် ခြင်းဖြင့် နိုင်ငံတော်မှ ပြည်သူလူထုများ၏ ဘဝအခြေအနေ တိုးတက် မြှင့်တင်လာစေရန် အစီအစဉ်များ ချမှတ်ရာတွင် အထောက်အကူပြုနိုင်မှာ ဖြစ်ပါသည်။" **ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က** ပြောသည်။

ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများတွင် အလုပ်လုပ်နိုင်သည့်အသက်အရွယ်ရှိသူဦးရေနည်းပါးပြီး မှီခိုသူဦးရေများပြားလေ့ရှိသည်။ ဝင်ငွေရှာပေးနိုင်သည့်မြေယာ သို့မဟုတ် လယ်ယာသုံးပစ္စည်းများကဲ့သို့သော အရင်းအမြစ်များမှာလည်း အနည်းငယ်သာ ရှိတတ်သည်။ အလွန်အမင်းဆင်းရဲနွမ်းပါးသူများသည် လယ်ယာလုပ်ငန်းတွင် ကျပန်းအလုပ်သမားများ သို့မဟုတ် မြေယာ အနည်းငယ်ပိုင်ဆိုင်သူများအဖြစ် အချိုးမညီမျှစွာ ရှိနေပြီး ဝင်ငွေရသည့် အခြားနည်းလမ်းများမှာလည်း အနည်းငယ် သာရှိသည်။

ယခုအစီရင်ခံစာတွင် ကျန်းမာရေးနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် စီးပွားရေးအပေါ် သက်ရောက်မှု ဖြစ်စေသည်ကို မီးမောင်းထိုးဖော်ပြထားသည်။ ကျန်းမာရေးမကောင်းမှုကြောင့် တစ်နှစ်အတွင်း အလုပ်လုပ်နိုင်သော အလားအလာရှိသည့် နေ့များ၏ ၄% ကိုဆုံးရှုံးမှုရှိနေပြီး နိုင်ငံထက်ဝက်ခန့်မှာ ထိုပြဿနာများနှင့် ရင်ဆိုင်နေရ ကြောင်း ခန့်မှန်း တွက်ချက်ထားသည်။ အစားအစာအတွက်ကုန်ကျစရိတ်လျှော့ချခြင်း သို့မဟုတ် အကြွေးများထပ်ယူခြင်းကဲ့သို့သော ဖြေရှင်းမှုနည်းလမ်းများက မိသားစုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်နာလံထူနိုင်မှုအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည်။

“မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် စပ်လျဉ်းသည့် အကြောင်းအချင်းရာများအား ပိုမို နားလည် သဘောပေါက်လာသည်နှင့် အညီ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အလုံးစုံပါဝင်နိုင်သည့် ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ကမ္ဘာ့ဘဏ်အနေဖြင့် အကောင်းဆုံး ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးသူများ၊ ဆင်းရဲနွမ်းပါးမှုအခြေအနေသို့ အလွယ်တကူ ကျရောက်နိုင်သ**ည့်** ပြည်သူလူထု အားလုံးအတွက် စီးပွားရေး တိုးတက်မှုနှင့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည် ဆိုပါက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။” **ဟု ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဒေသ ဒုတိယ ဥက္ကဋ္ဌ ဗစ်တိုးရီယားကွာကွာ က ပြောသည်။**

ယခုဆင်းရဲနွမ်းပါးမှု စိစစ်သုံးသပ်ချက်သည် ကမ္ဘာ့ဘဏ်အုပ်စု၏ နှစ် ၃၀အတွင်း မြန်မာနိုင်ငံအတွက် ပထမဆုံး မဟာဗျူဟာဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင် (**Country Partnership Framework)** တွင်ဖော်ပြထားသည့် ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မူဘောင်အားမကြာမီက ပြန်လည်သုံးသပ်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်အထိသက်တမ်းတိုးခဲ့ပါသည်။ ထိုမူဘောင်အရ ကမ္ဘာ့ဘဏ်အုပ်စုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိုမြှင့်တင် သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပံ့ပိုးပေးပြီး အာဟာရဓာတ် ကောင်းစွာရရှိရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံ အဆောက်အဦးနှင့် အလုပ်အကိုင်ပိုမိုရရှိရေး လုပ်ဆောင်ပေးသည့် လုပ်ငန်းများတွင် အဓိက ပံ့ပိုးကူညီသွားမည် ဖြစ်သည်။

**Contacts:**
*In Yangon: Kyaw Soe Lynn,* +95 9 203 1159 klynn@worldbank.org
*In Washington:* Dini Djalal, +1 202 468-4442, ddjalal@worldbank.org;

For more information, please visit: http://www.worldbank.org/en/country/myanmar
Visit us on Facebook: http://www.facebook.com/worldbankMyanmar/